ရွှေပဒေသာစာပေ

မယ်နိုင်

# မိုးသည်းည

(အချစ်လုံးချင်းဝတ္ထုသစ်)



အခန်း(၁)

မြို့ပြ၏ တိုက်တာအဆောက်အဦးကြီးများသည် ဖန်တီးပြုလုပ်ထားသော အလင်းရောင် အောက်တွင် ထည့်ထည့်ဝါဝါရှိနေကြ၏ ။ ညနှစ်ချက်တီးချိန်မို့ လူခြေတိတ်နေသော်လည်း ဖြတ်မောင်းသွားသော ကားသံများကြောင့် ဆိတ်ငြိမ်လှတယ်ဟုတော့ မဟုတ်ချေ။ ကားသံများ သည် တဝေါဝေါ သဲမဲနေသော မိုးသံအောက် တိမ်ဝင်ပျောက်ကွယ်ချင်နေသည်။

တဒုတ်ဒုတ် ခုတ်မောင်းနေသော မြို့ပတ်ရထားသည်လည်း အငြိုးကြီးစွာပင် မိုးရေထဲ ဂေခနဲ ဝေါခနဲ ဖြတ်ပြေးနေ၏ ။

ဖြတ်မောင်းနေသော ရထားအရှိန်သည် မြန်လွန်း၍ ဘေးမှအပင်များပင် မည်သည့် အပင်ဖြစ်သည်ဆိုတာ မသဲကွဲချေ။

ရထားသည် ဥသြသံတစ်ချက်ဆွဲပြီး သိုးကြောင်ကလေးဘူတာသို့ ထိုးဆိုက်လာသည်။

စီးနင်းသူနည်းပါးသောကြောင့် အတက်အဆင်းသည် ရှင်းလင်းနေ၏ ။ ဘူတာစင်္ကြံ တစ်လျှောက် ငိုက်မျဉ်းနေသူများ၊ကိုယ်ပိုင်အခန်းသဖွယ် သတင်းစာခင်းကာ အိပ်ပျော်နေသူများကို မရှုမလှတွေ့ရသည်။

ရပ်ထားရပ်သည်နှင့် တစ်ပြိုင်နက် အလိုအလျောက် ပွင့်သော တံခါးမှတစ်ဆင့် အထုပ်အပိုးများနှင့် ယောက်ျားတစ်ယောက် ဆင်းလာသည်။ ပြီးနောက် ကလေး ပိုးထားသော အမျိုးသမီးတစ်ဦး။ ပြီးနောက် ပေရေစုတ်ပြတ်နေ အဘိုးအိုတစ်ဦး။ ပြီးနောက် နေကာမျက်မှန်တပ် ထားသော အမျိုးသမီးတစ်ဦး။

ထိုအမျိုးသမီးသည် အနက်ရောင်စတိုင်လ်ပင်န်ကို စတိုင်ကျကျ

ဝတ်ထားသည်။ ရှေ့ပတ်ရှူးဖိနပ်အနက်ရောင်ဒေါက်ကို စီးထား၏ ။
ထိုအမျိုးသမီးဝတ်ထားသော ကုတ်အင်္ကျီသည် ဒူးအထိရှည်နေသည်။ သို့သော် မြင့်မားသော အရပ်အမောင်းရှိသည်မို့ ထူးခြားပြီး ဆွဲဆောင်မှု ရှိနေသည်။

ကျောလယ်ခန့် ဆံပင်နီရွှေရောင်ကို နောက်စေ့၌ ခပ်မြင့်မြင့် ချည်နှောင်ထား၏ ။ မျက်နှာကြောသည် တင်းနေပြီး နှုတ်ခမ်းသည် ပြတ်သားရဲရင့်မည့်အသွင် ဆောင်နေသည်။

ထိုအမျိုးသမီး ကိုင်ထားသည်က ခရီးဆောင်အိတ်မဟုတ်ဘဲ လက်ပွေ့အိတ်သာသာသာ ဖြစ်သည်။ ကွန်ပျူတာထည့်သည်အိတ်လား၊ ရိုင်းရိုင်းကိုင်နေကျ နှုတ်ခမ်းနီ၊ ဖုန်း၊ ငွေ အချို့ထည့် သည့် အိတ်လား ဆိုတာ သဲသဲကွဲကွဲ မသိနိုင်ချေ။

ထိုအမျိုးသမီးသည် မျက်မှန်ကို ချွတ်သည်။ ထိုစဉ် မျက်မှန် နောက်ကွယ်မှ စူးရှသော မျက်ဝန်းအစုံကို တွေ့လိုက်ရသည်။ မျက်ဝန်းသည် ဝိုင်းပြီး ကြည့်နေတာမျိုးမဟုတ်ဘဲ မေးကျဉ်းပြီး စူးရှနေသည်။

မျက်မှန်ကို ရည်ညွှန့်၍ ချိတ်သည်။ ပြီးနောက် အိတ်ထဲမှ ထီးတစ်လက်ကိုထုတ်သည်။ ထီးကိုဖွင့်လိုက်ပြီး အစိတ်အကျဲညီသော ခြေလှမ်းတို့နှင့် ခပ်မှန်မှန်ပင် ဘူတာကြီးထဲမှ ထွက်လာခဲ့သည်။ ရွာနေသော မိုးကိုလည်း စိုမှာ ကြောက်သည့်ပုံမျိုး မရှိချေ။

လမ်းသည် ကျောက်ခင်းလမ်းဖြစ်သောကြောင့် မိုးရေကျလာချိန်၌ မြေမှုန်များသည် ရွှံ့အဖြစ်ပြောင်းလဲသွားပြီး ပြောင်လက်နေသော အနက်ရောင် ဒေါက်ဖိနပ်ပေါ် မြင်မကောင်းစွာ တင်ပေကုန်သည်။

အမျိုးသမီးသည် လမ်းမကြီးအတိုင်းတည့်တည့်လျှောက်လာသည်။ ဆယ့်ငါးမိနစ်မျှ လျှောက်ပြီးချိန်တွင် အသစ်ကျပ်ချွတ် ခုနစ်လွှာတိုက်ရှေ့တွင် မတ်မတ်ရပ်သည်။ ပြီးနောက် ထီးကိုပိတ်ပြီး လှေကားထောင့်တွင်

စနစ်တကျထောင်ထားသည်။

အမျိုးသမီး၏ မျက်လုံးအစုံသည် ဘေးဘီဝဲယာသို့ မကြည့်ဘဲ ခတ်ထားသော သော့ကိုသာ ကြည့်နေသည်။ ပြီးနောက် အိတ်ကို ဖွင့်ပြီး အချောင်းပေါင်းများစွာပါသော သော့တွဲကို ထုတ်သည်။ ပြီးနောက် ကြေးရောင်သော့တစ်ချောင်းကို ရွေးချယ်ကာ ဖွင့်သည်။"ကျလောက်" မိုးသည် သဲမဲဆဲဖြစ်သည်။

"ခဏ...ခဏ"

ဘာဂျာသံတံခါးကို ဖွင့်လိုက်သည်တွင် လူတစ်ယောက် ပြေးပြီး အမျိုးသမီးရှေ့မှ တိုးဝင်၏ ။

"ဆောရီး...မိုးအရမ်းရွာနေလို့ပါ"

ထိုလူသည် အနီရောင်ချည်လွယ်အိတ်ကို ရင်ခွင်ထဲ ပိုက်ထားသည်။ တက္ကစီပေါ်မှ ဆင်းပြေးခဲ့ဟန်တူသည်။ မိုးရေသည် ထိုလူ့ကိုယ်ပေါ်၌ ပျောက်တိပျောက်ကျားသာ စိုနေသည်။

အမျိုးသမီးသည် ထိုလူအား စူးရှစွာကြည့်သည်။ အမျိုးသမီး၏ အကြည့်ကြောင့် ထိုလူသည် အားတုံ့အားနာဖြစ်သွားသည်။

"ဆော...ရီး"

ထိုလူမှာ ဘာထပ်ပြောရမှန်းမသိချေ။

စူးရှသော မျက်လုံး၊ တည်တင်းသော နှုတ်ခမ်းက သူ့အား ဂုတ်မှဆွဲကိုင်လွှင့်ပစ်တော့ မယောင် ထင်ရသည်။ ထို့ကြောင့်ပင် မိတ်ဖွဲ့စကားပင်မဆိုဖြစ်တော့ဘဲ မသိချင်ယောင်ဆောင်ပြီး တက်လာသည်။

ထိုအမျိုးသမီးသည် တံခါးကို မူလအတိုင်းဆွဲပိတ်ပြီး သော့ခတ်သည်။ ပြီးနောက် လှေကားအတိုင်း တစ်လှမ်းချင်းတက်လာခဲ့သည်။

ဒေါက်အမြင့်စီးထားသော်ငြား လှေကားတက်နေသော ခြေသံသည် တဒေါက်ဒေါက် မပြည်ဘဲ တိတ်ဆိတ်နေသည်။

ငါးလွှာထိတက်လာခဲ့သော်ငြား မောဟိုက်ပုံမရပေ။ ခြေသံသည် ရပ်နားခြင်းမရှိ စည်းချက်မှန်နေသည်။

မျက်ဝန်းတွေလည်း တည်ငြိမ်နေ၏ ။

ထိုလူသည် အေးခန်းသော့ကို ဖွင့်နေသည်။

ဖြတ်ကျော်ပြီး ခြောက်လွှာသို့ ဆက်တက်သွားသောအမျိုးသမီးအား သိသိသာသာ ခိုးကြည့်မိသည်။

သို့သော် ထိုအမျိုးသမီးသည် ထိုလူ့ထံသို့ တစ်ချက်မျှ စောင်းငဲ့မကြည့်သွားချေ။

"ဒေါက်...ဒေါက်"

ခြောက်လွှာ ဘီခန်းကို တံခါးနှစ်ချက် ဆင့်ခေါက်သည်။သို့သော် တံခါးသည် ဖွင့်မလာချေ။ ထို့ကြောင့် လက်ကိုင်အိတ်ထဲမှ သော့တွဲကို နှိုက်ယူပြီး လွယ်ကူစွာဖွင့်သည်။ ခိုင်ခံ့ ကောင်းမွန်သော သတ္တုတံခါးဖြစ်သောကြောင့် ချောချောရှူရှူပင် အသံမပြည်ဘဲ ပွင့်သွားသည်။ ထိုအမျိုးသမီးသည် မိမိပိုင်အခန်းပမာ ဝင်လာသည်။ ပြီးနောက် မီးခလုတ်ကို ဖွင့်ပြီး တံခါးကို ကျကျနနပိတ်သည်။

"မင်း...ဘယ်သူလဲ"

အိပ်မှုန်စုံမွှားနှင့် ထလာသော အသက် ၄၀ ခန့် လူတစ်ဦးဖြစ်သည်။ အမျိုးသမီးသည် မေးခွန်းကို မဖြေဘဲ ဆိုဖာခုံပေါ် ခြေကလိမ်ချိတ်ထိုင်ပြီး စီးကရက် မီးညှိသည်။

မီးခိုးငွေ့ကို မှုတ်ထုတ်ပြီး သွေးအေးစွာပင် ထိုလူအား စိုက်ကြည့်သည်။

ထိုလူသည် ဒူးတွေတုန်သွားသည်။ လက်ချောင်းတွေ တုန်ယင်နေသည်။

“ကို...ကို...ဘယ်သူလဲ”

အိပ်မှုန်စုံမွှားနှင့် ထလာသော အမျိုးသမီးတစ်ဦးဖြစ်သည်။ ထိုအမျိုးသမီးသည် အရှက်ကို မလုံတလုံဝတ်ဆင်ထားသည်။

“သူ့ကို ဘာမှမလုပ်ပါနဲ့။ သူ့ကို လွှတ်ပေးပါ”

ထိုလူသည် ရုတ်တရက်ဆိုသလိုပင် ဒူးထောက်ထိုင်ချကာ တုန်တုန်ယင်ယင်တောင်းပန် သည်။

သို့သော် ထိုအမျိုးသမီးသည် စီးကရက်ကိုသာ ဖိမ်ယူကာ သောက်နေသည်။

“သူက ဘယ်သူလဲ။ ဟော့ကောင်မ...ငွေါအချိန်ကို လုမယ် မကြံနဲ့။ ခုထွက်သွား။ ကိုကိုက ဒီနေ့ ငွေါကို ပေးထားတာ”

“အသည်းလေး ... တော်ပါတော့ ။ မင်းအခန်းထဲဝင်နေ။ သွား... သွားပါကွာ”

ထိုလူကြီးက စိုးရိမ်ကြီးစွာအော်ဟစ်နေသည်တွင် မလုံ့တလုံနှင့် မိန်းမငယ်သည် အနည်းငယ် ကြောင်နေသွားသည်။ ကိုကိုဆိုသူ၏ စကားကို နားထောင်ပြီး အခန်းထဲပြန်ဝင်ဖို့ ပြင်လိုက်သည်တွင် အမျိုးသမီးသည် လက်ထဲမှ မီးခြစ်ဖြင့် ဒူးကွေးတည့်တည့် ပစ်လိုက်၏ ။

“အား”

ဒူးကွေးသည် ကျင်ခနဲ နာသွားပြီး ခွေခနဲလဲကျသွားသည်။

“အား”

“သူ့ကို လွှတ်ပေးပါ။ သူက ဘာမှ မသိပါဘူး။ ဒီကိစ္စတွေကို သူ

ဘာမှမသိဘူး”

သို့သော် နောက်ကျသွားခဲ့ပါပြီ။ ကျန်ရှိနေသော နှစ်ဖွာစာမျှ စီးကရက်ကို ထိုလူ၏ လက်ဖမိုးပေါ် ထိုးချေလိုက်သည်။

“အား”

ငယ်သံပါအောင် အော်လိုက်သော်လည်း မိုးသံနှင့်နှောနေသည်။ အလုံခန်းများဖြစ်သော ကြောင့် ပတ်ဝန်းကျင်က မကြားလိုက်နိုင်ပေ။

“ပြေး…အသည်းလေး…မင်း ပြေးတော့”

ထိုလူသည် ပြောလည်းပြောကာ လက်လှမ်းမီရာ ပန်းအိုးကို ဆွဲပြီး ထိုအမျိုးသမီးထံ ပစ်ပေါက်၏ ။ ထိုအမျိုးသမီးသည် ကျွမ်းကျင်စွာ ရှောင်တိမ်းပြီး လေထဲမှ ထိုပန်းအိုးကို ဖမ်းကာ တံခါးဖွင့်ဟန်ပြင်နေသော မိန်းမငယ်၏ ခေါင်းသို့ ပစ်ပေါက်သည်။ တစ်ဆက်တည်းမှာပင် ထိုလူ၏ လက်ကို ဆွဲလိမ်လိုက်ပြီး ခေါင်းစည်းကြိုးကို ဖြုတ်ကာ လက်တွင် ပူးချည်လိုက်သည်။ ပြီးနောက် ခြေဖျားဖြင့် ဒူးကွေးကို ဆောင့်ကန်ကာ ကြမ်းပြင်ပေါ် ဒူးထောက်ထိုင်စေသည်။

လှုပ်ရှားမှုများသည် လျှပ်စီးလက်သလို မြန်ဆန်ပြီး သန်မာနေသောကြောင့် ထိုလူသည် ဘာမှ မတတ်နိုင်လိုက်ချေ။ ထိုလူရုန်းမရနိုင်အောင် တုတ်နှောင်ထားပြီးနောက် ခေါင်းတွင် သွေးများပေကျံနေသော မိန်းမငယ်ထံ တစ်လှမ်းချင်းလျှောက်လာသည်။ မိန်းမငယ်သည် တုန်ယင်ချောက်ချားနေသည်။ မျက်လုံးများသည်လည်း ပြေးလမ်းကို ရှာဖွေနေ၏ ။ သို့သော် လမ်းအားလုံးသည် ပိတ်လမ်းများသာ ဖြစ်နေသည်။ ထိုအမျိုးသမီးသည် မိန်းမငယ်၏ ဆံပင်ကို ဆောင့်ဆွဲသည်။

“အား”

မိန်းမငယ်က နာကျင်စွာ အော်ညည်းသံသည် စူးရှနေ၏ ။ ထို့ကြောင့်

တီဗီပေါ်အုပ်ထား သည့် ဇာပဝါကို ဆွဲယူပြီး လုံးချေကာ ပါးစပ်ထဲ သိပ်ဝင်ထားလိုက်သည်။

ခေါင်းမှ သွေးများ တစက်စက်ကျနေသည်။ သို့သော် ဆံပင်ကို ဆွဲပြီး ထိုလူကြီးနားသို့ ခေါ်လာ၏ ။

"ပစ္စည်း ဘယ်မှာလဲ"

အေးစက်မာကျောသော အသံတစ်ခုဖြစ်သည်။ ဒူးထောက်ထိုင်နေသူနှစ်ယောက်ရှေ့တွင် ခြေကလိန်ချိတ်ကာ ထိုင်ပြီး တစ်ခွန်းချင်းမေးနေသည်။

"ကပစ္စည်း ဘယ်မှာလဲ"

ထိုလူ မဖြေပါ။ အံကို ကြိတ်ထား၏ ။

"ကျုပ်ကို သတ်လိုက်ပါ"

ထိုအမျိုးသမီးသည် မဲ့ပြုံးပြုံးလိုက်သည် ။ ပြီးနောက် ထရပ်သည်။ ဘေးဘီဝဲယာသို့ ကြည့်၏ ။ မျက်စိထဲတွင် သံရိုက်တူတစ်ချောင်း ပေါ်လာသည်။ ထို့ကြောင့် ထိုတူကို ဆွဲယူပြီး မူလ နေရာတွင် ပြန်ထိုင်သည်။

"ပစ္စည်း ဘယ်မှာလဲ"

"ကျုပ်ကို သတ်လိုက်ပါ"

အမျိုးသမီးသည် ဒုတိယအကြိမ် ပြုံးပြန်သည်။ ပြီးနောက် တူကို မြှောက်လိုက်ပြီး သွယ်လျသော မိန်းမငယ်၏ လက်ညှိုး တစ်ချောင်းကို ဒွပ်ခနဲ ထုချေလိုက်သည်။

"အူး"

အော်သံသည် လုံး၍ တိုးတိုးသာ ထွက်လာသည်။

ထိုလူကြီးပြာဝေသွားသည်။ မိန်းမငယ်၏ မျက်လုံးမှ မျက်ရည်များ စီးကျနေသည်။ မိန်းမငယ်သည် ထိုလူကြီးအား ကြည့်ပြီး အားကိုးတကြီး အကူအညီ တောင်းရှာသည်။

"ပစ္စည်း ဘယ်မှာလဲ"

"ကျုပ်ကို သတ်ပါ"

အမျိုးသမီးသည် တူကို မြှောက်ပြီး ဒုတိယတစ်ချက် ထုပြန်သည်။

ထိုလူကြီးမျက်လုံးကို ပိတ်ထားသည်။ အံကို ကြိတ်ထားသည်။

"ပစ္စည်း ဘယ်မှာလဲ"

တူညီသော မေးခွန်းကို ဆက်သုံးသည်။

"ပစ္စည်း ဘယ်မှာလဲ"

"ကိုလူအေး"

စကားပင် ဆုံးအောင်မပြောလိုက်နိုင်တော့ချေ။ အသံတိတ်ပြောင်းဂတပ်ထားသော သေနတ်သည် ထိုလူကြီးနဖူးထက်၌ အငွေ့ရေးရေးထွက်နေလေပြီ။

ပြီးနောက် မိန်းမငယ်ထံသို့ ချိန်သည်။

မိန်းမငယ်သည် ကြောက်လန့်တကြား တုန်လှုပ်နေသည်။ မျက်ရည်တွေအိုင်ထွန်းနေ သောအကြည့်ဖြင့် ချမ်းသာပေးရန် တောင်းဆိုနေသည်။ သို့သော် နောက်ကျသွားခဲ့ပါပြီ။ ကံဆိုးသွားခဲ့ပါပြီ။

နဖူးတွင် သေးငယ်သော အပေါက်တစ်ခု ဖြစ်သွားပြီး သွေးများ စီးကျလာသည်။

ထိုအမျိုးသမီးသည် လက်ကို ပဝါဖြင့် သုတ်ပြီး ပဝါရော၊ သေနတ်ရော၊

မောင်းချစားကိုငပါ လက်ကိုင်အိတ်ထဲ စနစ်တကျထည့်သည်။ ပြီးနောက် လက်ကိုင်အိတ်အနက်ရောင်ကို ထုတ်ဝတ်ပြီး လဲကျသေးဆုံးနေသော မိန်းမငယ်၏ ကိုယ်ပေါ် ခွကျော်လာသည်။ တံခါးရွက်ကို ဖွင့်သည်။ ပြီးနောက် စနစ်တကျပြန်ပိတ်သည်။

ပတ်ဝန်းကျင်သို့ မကြည့်တော့ဘဲ ခြေလှမ်းမှန်မှန် ဆင်းလာခဲ့သည်။

မြေညီထပ်သို့ရောက်လာသည်။ တဝေါဝေါ သည်းနေသောမိုးသည် မစဲသေးချေ။ ထို့ကြောင့် ရေစက်ပင်မခြောက်သေးသော ထီးကို ဖွင့်ဆောင်းပြီး ခြေလှမ်းမှန်မှန်ဖြင့် ထွက်လာခဲ့ သည်။

တည်ငြိမ်စွာ ထွက်ခွာသွားသော အမျိုးသမီးကို တစ်စုံတစ်ယောက်က စိတ်ဝင်စားစွာ စောင့်ကြည့်နေလိမ့်မည်ဟု ထိုအမျိုးသမီး မတွေးမိတာအမှန်ဖြစ်သည်။ ထိုအမျိုးသမီးသည် ဆူးပန်းဖြစ်သည်။

အနက်ရောင်လောကသားများ ဖိန့်ဖိန့်တုန်အောင် ကြောက်နေရသူဖြစ်၏ ။

ဆစ်လွှားသည် ဆွဲလက်စပန်းချီကို အောက်ခြေ၌ ဆိုင်းထိုးပြီး အဆုံးသတ်လိုက်သည်။

ထိုပန်းချီကားသည် ဆွဲနေတာ တစ်ပတ်မျှကြာပါပြီ။ မပြီးနိုင်ပါ။ မကြိုက်၍ ပြန်ပြန်ဆွဲနေရ သည်က ပိုများသည်။ အနက်ရောင်ဆေးသားများကို အချိုးကျသုံးရ၍ ပညာသားပါလှသည်။

ပန်းချီကားထဲတွင် မိုးသည်းနေသည်။ ခံစားမှုသည် ဆန့်ကျင်နေသည်။ အမှောင်ထုကြီး စိုးနေချိန်၌ မိုးသည် သည်းသည်း မဲမဲရွာသည်။

သူ ပြုံးလိုက်သည်။ ဒီတစ်နှစ်တာအတွင်း ဆွဲခဲ့သမျှသော

ပန်းချီကားထဲတွင် ထိုပန်းချီကား သည် သူ့အတွက် စိတ်တိုင်းအကျဆုံး ဖြစ်နေသည်။

ပန်းချီထဲမှ မော်ဒယ်ကိုတော့ အားနာမိသည်။ ခွင့်မတောင်းဘဲ ဆွဲလိုက်မိခြင်းဖြစ်သည်။ ထိုမော်ဒယ်သည် စူးရှပြီး ကြောက်စရာ မျက်ဝန်း အစုံကို ပိုင်ဆိုင်ထားသည်။ မျက်ဝန်းအကြည့် များက လူတစ်ယောက်၏ စိတ်ထဲထိကြည့်သည်ဟု ခံစားရသည်။ ထိုအကြည့်ထဲတွင် လေးနက်ခြင်း၊ ခက်ထန်မာကြောခြင်း၊ အေးစက်တည်ငြိမ်ခြင်းများ ပျော်ဝင်နေ၍ သူပင်လျှင် ယောင်နနဖြစ်ခဲ့ရသည်။ ထိုအကြည့်များကို သူ့စိတ်ထဲ စွဲနေမိသည်။ တည်တင်းသော ထိုနှုတ်ခမ်းအနီရောင်တစ်လွှာသည်။စိတ်ထဲစွဲမြဲ၍ နေသည်။ စုတ်တံကိုကိုင်ပြီး ရေးခြစ်ချင် လောက်အောင် သူ့စိတ်ကို ဆွဲခေါ်နေသည်။

သို့သော် ပုံရိပ်သည် ရင်ထဲမပြည့်စုံသလို ခံစားရ၍ မရေးခြစ်နိုင်သေးချေ။

ထိုပန်းချီကားကို မိုးသည်းညဟု နာမည်ပေးမိသည်။ ဘောင်ဖြင့် စနစ်တကျကွပ်ပြီး ရှုထောင့်အမျိုးမျိုးမှ ယိမ်းနေချိန်တွင် အခန်းဂဆီမှ ဆူညံသံကို စတင်ကြားလိုက်ရသည်။

ဆူညံသံဆိုသည်ကို သိသည်။ တံခါးအလုံပိတ်ထားသောကြောင့် ဂျုးဂျုးဝါးဝါးသာ ကြားနေရ သည်။

သူ အံ့သြသွား၏ ။

ပန်းချီကားကို ခုံပေါ်၌ ထောင်ကာ အခန်းတံခါးဂနားသို့ ကပ်လာခဲ့သည်။ တံခါးရွက်ကို နားဖြင့် ဖိကပ်ထားလိုက်သည်။

သူ အံ့သြသွား၏ ။

ဤတိုက်ကို သူပြောင်းလာသည်မှ ခြောက်လခန့် ရှိပါပြီ။ အချိန်တိုင်း တိတ်ဆိတ်နေ၏ ။ တံခါးချပ်များသည် ထူသောကြောင့် အသံလုံသည်။

လေ့ကားအတက်အဆင်း ခြေသံကိုပင် ကြားရခက်ခဲ၏ ။

ဘာကိစ္စဖြစ်လို့လဲ။ ဘာကြောင့် ဆူညံနေတာလဲ။ တစ်ခုခုထူးခြားပြီဆိုတာ သူသိသည်။ ထို့ကြောင့် ချောင်းကြည့် ပေါက်မှတစ်ဆင့် ကြည့်လိုက်သည်။

ရဲဝတ်စုံနှင့်လူများ ရှုပ်ထွေးနေသည်။ ထိုလူများသည် တစ်ခုခုကို သယ်ဆောင် နေသယောင် ရှိ၏ ။ သူ စိတ်ဝင်စားလာသည်။

ရဲများ သယ်ဆောင်တယ်ဆိုပါက ထူးဆန်းမှုတစ်ခုရှိပြီဟု သူသိသည်။ ထို့ကြောင့် သိချင်စိတ်ကို မထိန်းနိုင်တော့ဘဲ တံခါးကို ဝုန်းခနဲ ဖွင့်လိုက်သည်။ သူ ချက်ချင်း နှာခေါင်းပိတ်ပစ် လိုက်၏ ။

ဆိုးဝါးသော အနံ့ဖြစ်သည်။ ထိုအနံ့မျိုးကို သူ့တစ်သက်တာတွင် တစ်ခါမျှ မရှူခဲ့ဖူးချေ။ အနံ့သည် ပြင်းလွန်း၍ အော်ဂလီဆန်ချင်လာသည်။ အန်ချင်စိတ်ကို ထိန်းထားရသောကြောင့် သူ့မျက်နှာတစ်ခုလုံး နီမြန်းပြီး မျက်ရည်များပင် ဝိုင်းလာသည်။

ရဲများအားလုံးသည် နှာခေါင်းတွင် mask များဖြင့် အကာအကွယ် ထူထားကြသည်။

သူချက်ချင်း တံခါးကို ပိတ်လိုက်၏ ။

"အွတ် … အွတ်"

ပျို့လာသော်ငြား အစာမရှိသေးသော ဗိုက်သည် အန်ခြင်းဌာမတတ်နိုင်ပါ။

"ဆိုးလိုက်တဲ့အနံ့"

သူ မျက်ခုံးနှစ်ဖက်ကို တွန့်ချိုးပြီး စောစောကမြင်ကွင်းကို ပြန်မြင်ယောင်လာသည်။

သူ အံ့သြသွား၏ ။ ရဲများ မနိုင်မနင်း မသွားသူမှာ လူသေအလောင်းဆိုတာ မေးစရာပင် မလိုလောက်အောင် သိသာလွန်းနေသည်။

"ဘယ်သူ သေတာလဲ"

သူ ပို၍ ပင် အံ့သြသည်။ ပုပ်ပွနေတဲ့ထိ သေနေတာတောင် မသိတဲ့အခြေအနေက သူ့အတွက် ထူးဆန်းနေသည်။ သူ ဂရန်တာရှေ့ထွက်ရပ်သည်။

ဟိုတစ်စ သည်တစ်စလှန်းထားသော သူ့အင်္ကျီများသည် လေအလာတွင် ငှေ့ဝဲ၍ နေသည်။

ထိုအင်္ကျီများကို ထောင့်သို့ ဆွဲကျုံ့ကာ ဂရန်တာမှ ငုံ့ကြည့်သည်။ နာရေးကူညီမှုအသင်း၏ ကားထဲ အလောင်းကိုထည့်သွားနေသည်ကို မြင်လိုက်ရသည်။ သူ ပို၍ အံ့သြသွားသည်။ အလောင်းသည် နှစ်လောင်းဖြစ်နေ၏ ။

ရင်ခုန်နှုန်းသည် တဒိန်းဒိန်းမြန်လာသည်။

လူသေက အန္တရာယ်မရှိသော်ငြား လူသေရှိသည်ဆိုသောအသိက စိတ်ကို ချောက်ချား စေသည်မှာ အမှန်ပါ။

"တူ..တူ…တူ"

သူ တုန်လှုပ်သွားသည်။ ချောက်ချားနေချိန်၌ ဝင်လာသော ဖုန်းမို့ စိတ်ပျက်သွားသည်။

ဖုန်းကို ဘောင်းဘီအိတ်ထဲမှ နှိုက်ပြီး ကြည့်သည်။ သူ့နှုတ်ခမ်းသည် ပြုံးသွား၏ ။ စိုးရိမ်ထိတ်လန့်နေသော သူ့စိတ်တွေက ဘယ်ဆီလွင့်ကုန်မှန်း မသိချေ။

"ဟလို"

"နိုးပြီလား"

"အင်း…နိုးပြီ။ တံချူရော"

"နေ့လယ်စာတောင် စားပြီးနေပြီ"

"အစောကြီးပါလား။ ခုမှ ဆယ်နာရီပဲရှိသေးတယ်လေ"

"ဟုတ်တယ်။ အဒေါ်ကြီးက သည်နေ့ဈေးချိုသွားမှာမို့ တံချူကို နေ့လယ်စာကျွေးထားတာ။ ကို ဒီနေ့ မိုးသည်းညပန်းချီ အပ်မှာ မဟုတ်လား"

"အင်း…ခဏနေရင် အပြင်သွားတော့မှာ"

"မနက်စာရော စားပြီးပြီလား"

"ဟင့်အင်း…အပြင်သွားမှ တစ်ခါတည်း ပေါင်းစားတော့မှာ"

"ဒါဆို ရေသွားချိုးတော့လေ။ တံချူ ဖုန်းချလိုက်တော့မယ်"

"အင်း…ကိုယ် ညနေကျမှ ဖုန်းပြန်ခေါ်လိုက်မယ်နော်"

"ဟုတ်ကဲ့"

ဖုန်းလိုင်းသည် တတူတူနှင့်ပြတ်တောက်သွားသည်။ သူ့မျက်နှာသည် ကြည်လင်လန်းဆန်း သွား၏ ။ ယခုချိန် သူ့မျက်ဝန်းထဲ မြင်ယောင်နေသည်က ကြည်စင်ရှင်းသန့်သော ဝါးတံချူ၏ မျက်နှာဖြစ်သည်။

တံချူကို သူ သိပ်ချစ်သည်။ ငယ်ချစ်ဦးဖြစ်သည်။

တံချူ၏ အသံလေးက သူ့အတွက် အားဆေးဖြစ်သည်။ ခွန်အားဖြစ်သည်။

မနက် အိပ်ရာထချိန်၌ တံချူ၏ အသံလေး ကြားလိုက်ရလျှင် သူ့တစ်နေ့တာလုံးအတွက် ကြည်လင်ရွှင်ပျစေသည်။ ကြမ်းတမ်းခက်ခဲသော ဘဝလမ်းခရီးတွင် မည်မျှပင် အခက်တွေ့ပါစေ ရင်ဆိုင်ဖို့အင်အားများ ရှိနေသည်။

တံချူ၏ ဘဝကို သူသည် ကာကွယ်ပေးချင်သည်။ တံချူရှေ့၌

မားမားမတ်မတ် ရပ်ပေးချင်သည်။

တံချူက အားကိုးထိုက်သော သူတစ်ယောက် ဖြစ်ချင်သည်။ ထိုစိတ်နဲ့ ဘဂကို ရပ်တည်လာခဲ့သည်။

တံချူကသာသူ့ဘဂဖြစ်သည်။ တံချူအတွက်လည်း သူသာ လျှင် တံချူ၏ ဘဂဖြစ်မည်ဟု ယုံကြည်သည်။ သူ၏ မနက်ဖြန်တိုင်းသည် တံချူအတွက် ဖြစ်သည်။ ကျရှုံးမှုရှိလာတိုင်း လောကကြီးကို အရှုံးမပေးရလေအောင် တံချူက စိတ်ဓာတ်ခွန်အားပေးနေသည်။ ကြိုးစားပါ ကိုရယ်လို့ မပြောသော်ငြား ကို ထမင်းစားပြီးပြီလား၊ ကားချပ်ပို့လိုက်ပြီလား၊ နေကောင်းလား ဆိုသည့် စကားလေးနဲ့တင် သူ့ထံ ပျောက်လုပျောက်ချင်အားမာန်တို့ ပြည့်လာရ၍ ယခု သူသည် နာမည်အတန်အသင့်ရှိသော ပန်းချီဆရာလေးအဖြစ် ရပ်တည်ခွင့်ရလာသည်။

တစ်ကိုယ်တော် ပန်းချီပြပွဲလုပ်ရန်လည်း စီစဉ်လျက် ရှိသည်။ စားဝတ်နေရေးအတွက် အချို့ပန်းချီကားများကိုလည်း သူငယ်ချင်း သက်နိုင်၏ ပန်းချီခန်းတွင် တင်ခဲ့သည်။ စန်းကြောင့်လား၊ ပညာကြောင့်လား မသိပါ။ သူ ဆွဲသမျှပန်းချီကားတိုင်း အရောင်းထွက်၏ ။ ထို့ကြောင့် အိမ်ကိုပင် စပေါ်ပေးပြီး နှစ်ချုပ်စာငှားနေနိုင်ခဲ့သည်။

သူ ရေချိုးခန်းထဲဝင်ကာ ရေချိုးသည်။

ပြီးနောက် မီးပူတိုက်ပြီးသား အင်္ကျီကို စမတ်ကျကျ ဝတ်သည်။ ပန်းချီကား တစ်ချပ် ပြီးသွား၍ လားမသိ။ စိတ်သည် ညည်းမနေတော့ပဲပေ့ါပါးလန်းဆန်းနေသည်။ စိတ်ကြိုက် ခြယ်မှုန်းပြီးသွား၍ ကျေနပ်သည်။

ထိုပန်းချီကားကို သေသေချာချာ ထုပ်ပိုးမည်ကြံခိုက်တွင် သူ မှိုင်တွေသွားသည်။

လက်ရာကောင်းသည်ဟု ခံစားရသောကြောင့် နှမြောမိသည်။

ပန်းချီကားကို အနီးကပ်ကြည့်လိုက် အဝေးမှ ကြည့်လိုက်နှင့် အမျိုးမျိုးကြည့်နေမိသည်။

ပြီးနောက် အိတ်ထဲမှ ခေါက်အိတ်လေးကို စမ်းမိသည်။ ပိုက်ဆံအိတ်သည် ပြားချပ်နေ သည်။

ခေါက်အိတ်ကို ဖွင့်ကြည့်လိုက်သောအခါတွင် ထောင်တန်သုံးရွက်ကိုသာ အထီးကျန်စွာ တွေ့ရသည်။ လိုင်းကားစီးရန် နှစ်ရာတန်၊ ငါးဆယ်တန်ပင် မရှိ။

သူ ထိုပန်းချီကားကို မျက်နှာလွှဲလိုက်သည်။ ပြီးနောက် ဆွဲပြီး သမျှသော ကားချပ်များကို လှန်ကြည့်ပြန်သည်။

သို့သော် နောက်ဆုံးတွင် ထိုမိုးသည်းညကိုသာ ရင်ခွင်ပိုက်ပြီး ထွက်လာခဲ့မိသည်။

အခန်းပြင်ရောက်သည်နှင့်တစ်ပြိုင်နက် စောစောက အဖြစ်အပျက်ကို မြင်ယောင်မိလာ သည်။

ရောယောင်ပြီး အနံ့ခံကြည့်သည်။ စိတ်ကစွဲနေ၍ လား မသိ။ ပုပ်အဲ့အဲ့အနံ့သည် စွဲနေသေးသလို ခံစားရသည်။

ကျောပြင်တစ်ခုလုံး ကြက်သီးထလာသလားဟု ထင်ရသည်။ စိတ်မလုံချင်လာတော့ပါ။ ထို့ကြောင့် တံခါးကိုသာ အသေအချာ သော့ခတ်ပြီး ဆင်းလာခဲ့သည်။

ဗိုက်ထဲ တဂွီဂွီမြည်လာသောကြောင့် မုန့်ဟင်းခါးစားရန် စိတ်ကူးသည်။ ဆယ့်တစ်နာရီ ထိုးပြီးနေပြီမို့ မုန့်ဟင်းခါးဆိုင်သည် သိမ်းစပြုနေသည်။

"အဒေါ်…မုန့်ဟင်းခါးရသေးလား"

“အေး…ရတယ်လေ။ နှစ်ပွဲစာကျန်သေးတယ်”

“တစ်ပွဲဗျာ။ အလွတ်ပဲ”

အိတ်ထဲ ငွေနည်းနေသောကြောင့် အိုးဘဲဥ၊ ပဲကြော်ပင် မထည့်တော့ဘဲ ချွေတာမိသည်။

“ပဲကြော်ထည့်ပေးပ့ါမယ်ကွယ်။ ဖောက်သည်တွေပဲ။ သုံးရာပဲပေးနော်”

သဘောကောင်းသော ဆိုင်ရှင်က ပဲသီးစိမ်းလေး၊ နံနံပင်လေးနှင့် စေတနာပါပါ ပြင်ဆင်ပေးသည်။

“မောင်ရင်က ဟိုတိုက်ကနော်”

“ဟုတ်ကဲ့”

“ဘယ်နှလွှာလဲ”

“ငါးလွှာပါ။ အေးခန်းလေ”

“လူများ အံ့သြစရာ တော်တော်ကောင်းတယ်နော်။ ဒါကြောင့် အဒေါ်က တိုက်ခန်းမှာ မနေချင်တာ”

“ဘာလို့လဲ။ တိုက်ခန်းက ကောင်းပါတယ်။ လုံခြုံတယ်လေ”

“လုံခြုံလွန်းတော့လည်း ပတ်ဝန်းကျင်နဲ့ အဆက်ပြတ်တာပေ့ါ။ ဘယ့်နှယ်ဟယ်… အလောင်းတောင် ပုပ်မှ သိရတယ်ဆိုတော့”

“ဗျာ”

ယပ်တောင်ကို တဖျပ်ဖျပ်ခတ်နေသော အဒေါ်ကြီးသည် သူ၏ အာမေဋိတ်သံကြောင့် ငြိမ်သက်သွားသည်။ ပြီးနောက် သူ့အား တအံ့တသြ စူးစမ်းသည်။

“မောင်ရင် မသိဘူးလား။ မောင်ရင်ရဲ့ အပေါ်ထပ် ခြောက်လွှာမှာ

လူသတ်မှု ဖြစ်တယ်လေ”

“ဗျာ”

သူ ဆက်၍ ပင် မစားနိုင်လောက်အောင် အံ့ဩသွားသည်။ ရိုးရိုးလူသေမှုဟု မတွေးခဲ့သော်ငြား လူသတ်မှုဟုလည်း မတွေးခဲ့မိတာ အမှန်ဖြစ်သည်။

“အို…မောင်ရင် မသိသေးဘူးပဲ။ ပတ်ဝန်းကျင်ကိုလည်း လေ့လာဦး မောင်ရင်လေးရဲ့။ နိုးနိုးကြားကြား နေပါဦး။ မင်းနှယ်ကွယ်။ ပတ်ဝန်းကျင်လေ့လာမှု အားနည်းလိုက်တာ”

“လူသတ်မှု ဟုတ်လား အဒေါ်”

“ဒါကြောင့်ပြောတာပေ့ါ။ တံခါးလုံလုံက ပတ်ဝန်းကျင်ကောင်းလောက် မလုံခြုံပါဘူးလို့။ သေနတ်ကြီးနဲ့ ပစ်သတ်သွားတာတောင် ပုပ်ပွမှ သိရတယ်လို့”

“ဗျာ…သေနတ်နဲ့ပစ်တယ် ဟုတ်လား”

“သေနတ်သံဆိုတာ နည်းတဲ့အကျယ်လားဟယ်။ တစ်တိုက်တည်းနေပြီး မသိတာ အံ့ပဲ့။ အနံ့ထွက်လာမှ သိကြကုန်တာတဲ့။ အလောင်းက ယင်တောင်အုံနေပြီဆိုပဲ။ မောင်ရင်သာ တစ်တိုက်တည်းနေပြီး မသိတာ။ ဂျာနယ်ထဲတောင် ခုချိန်ပါနေလောက်ပြီ။ မနက်ကဆို သတင်းထောက်တွေ အုံခဲနေတာပဲ”

အဒေါ်ကြီးသည် ပြောရင်းဆိုရင်း စကားရပ်သွားပြန်သည်။ သူ ဆက်မစားနိုင်တော့ချေ။ သေနတ်ဒဏ်ရာနှင့် သေသွားတယ်ဆိုသည့်ကိစ္စကို မုန့်ဟင်းခါးထက် ပိုပြီး စိတ်ဝင်စားသွားသည်။

“ရဲတွေက စစ်လိုက်တာဆိုလည်း စုံနေတာပဲ။ သေသွားတဲ့လူက မန်းမရှုပ်တယ်ဆိုပဲ။ မိန်းမကြီးက နိုင်ငံခြားမှာဆိုလား။ အခုတွဲသေတဲ့

မိန်းကလေးက နှစ်ဆယ်ကျော်ပဲ ရှိသေးတယ်တဲ့။ မိန်းမကောင်းလေးလည်း ဟုတ်ပုံမရပါဘူး။ သတ်ဖြတ်သွားတဲ့သူကလည်း အင်မတန် ရက်စက်တဲ့၊ လက်ချောင်းတွေကိုတောင် တူနဲ့ရိုက်ချေသွားတာတဲ့။ မသေခင် တော်တော်နှိပ်စက်ခံခဲ့ရပုံပဲ။ ယောကျ်ားရဲ့မျက်နှာမှာဆို ငါးများကင်ခါနီး အမွှမ်းခံထားရသလိုဓားရာတွေ အမြောင်းအမြောင်း ဆိုပဲ။ အမယ်လေး... အသည်းကျိန်းပါတယ်”

ပြောသောအဒေါ်ကြီး မဆိုထားနှင့် နားထောင်နေရသော သူပင်လျှင် ကြက်သီးထချင် လာသည်။

“တော်တော်ရက်စက်တဲ့ လူသတ်သမား။ မောင်ရင်သာ အနံ့မရတာ ခုနစ်လွှာက အတက်အဆင်းတွေနဲ့ ခြောက်လွှာအေက မိသားစုတွေဆို အနံ့ဆိုးကို မခံနိုင်တော့လို့ သက်ဆိုင်ရာကို အကြောင်းကြားတဲ့ထိပဲ”

အဒေါ်ကြီး၏ စကားက စိတ်ဝင်စားဖွယ် ကောင်းသော်ငြား သူ စိတ်တိုသွားသည်။

စားသုံးသူရှေ့တွင် မသတီဖွယ်ကိစ္စရပ်ကို မဆင်မခြင်ပြော၍ သိပ်မကြည်ချင်ပါ။ ထိုအကြောင်းအရာကြီး ကြားလိုက်ရမှတော့ ဒီမုန့်ဟင်းခါးတစ်ပွဲ သူ ဘယ်လိုလုပ် စားဝင်တော့မှာ တဲ့လဲ။

ထို့ကြောင့် ရေနွေးတစ်ကျိုက်ပင် ဖိမ်ခံကာ မသောက်တော့ဘဲ ငွေရှင်းသည်။

“ဟဲ့...အရည်ပိုတောင် မတောင်းတော့ဘူးလား”

“ဘယ်လိုလုပ်စားလို့ရတော့မှာလဲဗျာ”

အမ်းငွေ ခုနစ်ရာကိုသာ စိတ်ဆိုးမာန်ဆိုး ယူပြီး ထွက်လာခဲ့သည်။

သို့သော် သူ့စိတ်ထဲတွင်တော့ ထိုလူသတ်မှုပုံရိပ်သည် စွဲထင်၍

နေလေတော့၏။

စိတ်စွဲနှစ်ခုကို ထင်ဟပ်လိုက်သည့်အခါ ပန်းချီကားတစ်ချပ်ဖြစ်လာတော့သည်။

အေးစက်သော မျက်ဝန်းတွေက ရက်စက်စွာ သတ်ဖြတ်နေသည်။

ထိုပန်းချီကားကို ဆွဲနေသော သူကိုယ်တိုင်ပင် မကြည့်ဝံ့တော့ချေ။ ထို့ကြောင့် ဆွဲလက်စပင် ပိတ်ဖြူအုပ်၍ ရပ်တန့်ထားသည်။

စိတ်မချမ်းမြေ့ဖွယ် ရင်တွင်းခံစားချက်ကြောင့် သက်နိုင်၏ ပန်းချီခန်းသို့ ရောက်လာရ သော်လည်း ငူငူငိုင်ငိုင် ဖြစ်၍ နေသည်။

“ဘာဖြစ်လာတာလဲ။ တံချူနဲ့ ဖုန်းမရလို့လား”

မှန်ပါသည်။ ဖုန်းလိုင်းတွေ မကောင်းသောကြောင့် မန္တလေးတွင် ရှိသော တံချူနှင့် သည်တစ်နေ့လုံး စကားမပြောဖြစ်သေးချေ။

“မင်းရဲ့ မိုးသည်းညပန်းချီကား ထွက်သွားပြီ”

“ဟမ်”

ခုတစ်လော သူ့ကို အံ့အားသင့်စေသည့်ကိစ္စက တော်တော်များနေသည်။ ကြားရသော သူ့နားကို သူပင် မယုံနိုင်ပါ။ ပန်းချီကားတစ်ချပ်ဆိုင်ပေါ်တင်ထားလျှင် အနည်းဆုံး တစ်ပတ်တော့ ထားရသည်။

ခုတော့ ယနေ့နဲ့ မနက်ဖြန်။

“တော်တော်အံ့ဩဖို့ကောင်းတယ်။ လာကြည့်တယ်။ ဘယ်လောက်လဲ။ ငါလည်း ခြောက်သိန်းလို့ အော်ထည့်တာ မငြင်းဘူးတက်ယ ဝယ်သွားတယ်”

ဂမ်းသာရမလား၊ ဂမ်းနည်းရမလားပင် မသိနိုင်တော့ပါချေ။

“ရော့…ဒီမှာငွေ။ ငိုင်နေတဲ့မင်းမျက်နှာကြီး လင်းထိန်းသွားစေရမယ်”

သက်နိုင်က ပြောပြောဆိုဆို ကျွတ်ကျွတ်အိတ်ဖြင့် ထုပ်ထားသော ငွေထုပ်ကို သူ့ရှေ့သို့ ချပေးသည်။

“ငါ့ကို ကောင်းကောင်းပြုစု”

“သောက်မှာလား၊ စားမှာလား”

“နှစ်ခုလုံးကွာ။ ငါးသောင်းလောက်တော့ မင်း ဖြုန်းသင့်တယ်။ တော်တော်အမြင်ရှိတဲ့ ကာစတန်မာပဲ။ ငါက မင်းကို အဲဒီ ပန်းချီကား သိမ်းထားဖို့ ပြောဦးမလို့။ လက်ရာက တကယ့်မှော်ဝင်တယ်။ ကြည့်ရင်းနဲ့ကို ဝမ်းနည်းနေတာလား၊ စိုးရိမ်နေတာလား ဝေခွဲလို့မရဘူး။ အဲဒီ လို ကားမျိုးတစ်ကိုယ်တော် ပန်းချီပြပွဲမှာ သုံးသင့်တာ။ အခုရော ရေးနေသလား”

“အင်း…ရေးတယ်။ သိပ်အဆင်မပြေပါဘူး”

“အခက်နဲ့စရင် လွယ်သွားတတ်တာက ထုံးစံပဲလေ။ ငါ့ဆိုင်ပေါ်မတင်လည်း ရတယ်။ ငါ့ကိုတော့ ပြဦး”

ငွေခြောက်သိန်း ရလိုက်တာက သူ့အတွက် ပျော်စရာ၊ ကြည်နူးစရာကိစ္စ ဆိုသော်ငြား သူ မပျော်နိုင်ချေ။ သူ့ရင်ထဲ ဘာမှန်း မသိသော အရာက နှောင့်ယှက်နေသည်။ ထို့ကြောင့် သူ့မျက်နှာသည် ကြည်လင်ရွှင်ပြခြင်း အလျဉ်းမရှိပေ။

“ဘာဖြစ်နေတာလဲ။ မင်းမျက်နှာကြီးကလည်း”

“ငါ့ကိုယ်ငါလည်း မသိဘူး”

“ဘာလဲ။ လူသတ်မှုကြောင့်လား”

“မင်း ဘယ်လိုသိလဲ”

"ဂျာနယ်ထဲ ပလူပျံနေပြီလေကွာ။ လိပ်စာက မင်းရဲ့တိုက်ပဲ"

"ပြစမ်း...အဲဒီ ဂျာနယ်"

သူသည် အနေအေးသူတစ်ယောက်ဖြစ်သည်။ ထို့ကြောင့် ရေးကြီးသုတ်ပြာနိုင်သော သူ့မေးခွန်းကြောင့် သက်နိုင်သည် သူ့အား သက်ာမကင်းကြည့်သည်။ သို့သော် ထိုင်ခုံနောက်မှ မှူခင်းဂျာနယ်ကို တော့ လှမ်းဆွဲပေး၏ ။

သူ အလောတကြီး ယူကာ ဖတ်သည်။

သူ မျက်မှောင်တွန့်သွားသည်။ အဖြစ်အပျက်သည် တိုက်ဆိုင်လွန်းသည်ဟု ထင်သည်။

"တော်တော်ရက်စက်တဲ့လူသတ်သမားကွာ။ ရက်ရက်စက်စက် နှိပ်စက်ပြီးမှ သတ်သွားခဲ့ တာပဲ။ အဲဒီ နေ့က မင်းငှါဆီက ည တစ်ချက်တီးမှ ပြန်သွားခဲ့တာနော်။ မိုးကလည်း အရမ်းရွာ နေတယ်။မင်း တကယ်ပဲ မသိလိုက်ဘူးလား"

သက်နိုင်၏ မေးခွန်းက သူ့နားထဲ မကြားတစ်ချက် ကြားတစ်ချက် ဖြစ်နေ၏ ။ သူ့အာရုံထဲ မြင်ယောင်နေသည်က လှပသော အမျိုးသမီး တစ်ဦးဖြစ်သည်။ ထိုအမျိုးသမီး၏ မျက်ဝန်းများ သည် သာမန်ထက် အေးစက်နေသည်။ ပြီးတော့ ထိုအမျိုးသမီးကို သူ့ပတ်ဝန်းကျင်မှာ မြင်ဖူးတာ ပထမဆုံးဖြစ်သည်။

ညအချိန်မတော် တွေ့ရခြင်းဆိုသော်ငြား လက်လက်ထနေသည့် ပုံမျိုး လုံးဝမရှိ။ မိုးသည်းထဲတွင် တည်ငြိမ်သော ခြေလှမ်းမျိုးနှင့် လျှောက်လာသည်ကို တက္ကစီပေါ်မှ သူ မြင်ခဲ့သည်။

ပြီးတော့ ထီးကို အပြင်၌ ထောင်ထားသည်။ ပြီးတော့

တစ်နာရီမျှအကြာတွင် တည်ငြိမ်စွာ ပြန်ထွက်သွားသည်။ သူ တွေးရင်းပင် ချောက်ချားချင်လာသည်။

"သက်နိုင်"

"အေး...ပြော"

စာအုပ်ဖတ်နေသော သက်နိုင်ပင် ငါးမျက်နှာခန့် ပြီးနေပါပြီ။

"မိန်းမတစ်ယောက်က အဲဒီ လို ရက်ရက်စက်စက် သတ်ဖြတ်နိုင်သလား"

"ဘယ်လိုမေးလိုက်တာလဲကွာ။ ငါတို့လို ယောကျ်ားရင့်မာတောင် လုပ်ဖို့မလွယ်တဲ့ကိစ္စကို။ မင်းပဲစဉ်းစားကြည့်။ သေအံ့သေဆဲ အဲဒီ မျက်လုံးတွေကို ဘယ်လိုရင်ဆိုင်မလဲ"

"ဟုတ်တယ်...ဘယ်လိုမှ မဖြစ်နိုင်ဘူး"

"မိန်းမလူသတ်တယ်ဆိုတာ ဟောလိဝုဒ်ရုပ်ရှင်ထဲမှာပဲ ရှိတာပါကွာ။ အတွေးမချောစမ်းပါနဲ့။ ကဲ...ပြော။ ညနေ ဘယ်ဆိုင်မှာ ပြုစုမှာလဲ"

"မင်း ရွေးပါ"

"နည်းနည်းသက်သက်သာသာ ရှိတဲ့ဆိုင်ပဲ ရွေးပါမယ်။ မန္တလေးပြန်ဦးမယ့် မင်းကို စာနာတဲ့အနေနဲ့လေ...ဟဲဟဲ"

သက်နိုင်က ကွမ်းစားပါးစပ်ကြီးနှင့် မရှုမလှရယ်သည်။

ဟစုတ်သားပဲ။ ဒီတစ်ခါ ပန်းချီကားရောင်းရရင် မန္တလေးပြန်မည်ဟု သက်နိုင်ကို ပြောခဲ့ဖူးသည်။

တံချူကို လွမ်းလှပါပြီ။ တံချူနှင့် မတွေ့ရသည်မှာ ငါးလ ကျော်သွားပြီ ဖြစ်သည်။ တံချူထံ ငွေမပို့ရသည်မှာလည်း သုံးလရှိပြီ ဖြစ်သည်။

အနုပညာသမားတစ်ယောက်မို့ ပုံသေဝင်ငွေဟူ၍ သတ်သတ်မှတ်မှတ် မရှိ။

ရံဖန်ရံခါ၌ လမ်းဘေး မုန့်ဟင်းခါးတစ်ပွဲနှင့်သာ တစ်နေကုန် တင်းတိမ်းရသည့်နေ့လည်း ရှိသည်။

တစ်ခါတစ်ရံ၌ ဟိုတယ်စာကို ဗိုက်ကွဲအောင်စားရတဲ့နေ့လည်းရှိသည်။ မည်သို့ဆိုစေ ဒီဘဝကို သူကျေနပ်သည်။ ကိုယ့်စိတ်ကို ကိုယ်ပိုင်သည်။ ကိုယ့်ဘဝကို ကိုယ်ပိုင်သည်။ လွတ်လပ်သည်။ ထိုဘဝမျိုး၌ သူ ကျေနပ်သည်။

လုပ်ချင်ရာလုပ်နေရသည့် အခြေအနေကို သဘောကျသည်။ သူ့ဘဝတွင် ဘာမှပူစရာ မရှိဟု ထင်သည်။ ဝါးတံချူသည်လည်း လောဘနည်းသော မိန်းကလေးဖြစ်တာ ကြောင့် သူ စိတ်ချမ်းသာသည်။

သူသည် ရှင်သန်ဖို့လည်း မပူရပါ။ နေထိုင်ဖို့လည်း မပူရပါ။ စားသောက်ဖို့လည်း မပူရပါ။ သို့ကြောင့် လူဖြစ်ရသော သူ့ဘဝကို သူကျေနပ်အားရလှသည်။ သို့သော်...

ည ရှစ်နာရီလေးဆယ့်ငါးမိနစ်တွင် အဲကွန်းဘတ်စ်ကြီး၏ တံခါးသည် ပွင့်လာသည်။

“ခရီးသည်များအား နေရာယူလို့ ရပါပြီ”

အပြာဝတ်လူရွယ်တစ်ဦး၏ အော်သံကြောင့် ကားဂိတ်အတွင်းမှ ခရီးသည်များသည် ရှုစိရှုစိဖြစ်ကုန်သည်။

သူပင်လျှင် တစ်ခုတည်းသော ခရီးဆောင်အိတ်ကို ဆွဲယူ၍ ကားပေါ်တက်သည်။ သူ၏ ခရီးဆောင်အိတ်သည် ကြီးလှတယ်တော့ မဟုတ်ပါ။ တံချူအတွက် ဝယ်လာသော လက်ဆောင် အချို့ နှင့် ပြည့်နေသည်။ တံချူ့က အလှမက်သူ မဟုတ်သော်လည်း အလှပြင်ပစ္စည်းအချို့ ဝယ်လာသည်။

ဆံပင်ရှည်ကြီးကို ကျစ်ဆံမြီးတစ်ချောင်းတည်း ယဉ်ယဉ်လေး ကျစ်ထား တတ်သော်ငြား အလှညှပ် ရောင်စုံကလစ်လေးများဝယ်လာသည်။ သုံးသောင်းတန်ရေမွှေး ဝယ်လာသည်။ အမြင်အာရုံမရသူများသည် အနံ့ခံ အာရုံနှင့် အကြားအာရုံကောင်းသည်ဟု သူသိသည်။ တကယ်ပင် တံချူသည် အနံ့ခံအာရုံနှင့် အကြားအာရုံကောင်းသူ ဖြစ်သည်။ သူ လာနေမှန်းကို အိမ်ထဲမဝင်ရသေးခင်သိသည်။ သူသည် ရေမွှေးပြောင်းသုံးထားသည်ဆိုသော်ငြား သူ့လမ်းလျှောက်သံကို တံချူက သိသည်ဟု ဆိုသည်။

တံချူ၏ ထိုစရိုက်လေးကို ချစ်မိနေတာလားဆိုတာ သိပ်ခွဲခွဲခြားခြား မသိသော်လည်း တံချူကို သူ ချစ်သည်။ ဘဝထက် ချစ်သည်။ ထို့ကြောင့် တံချူမျက်နှာ အညှိုးမခံချေ။

တံချူက သတိရလိုက်တာဟု ဖုန်းထဲ ညည်းလိုက်ရုံဖြင့် သူသည် ဖင်တကြွကြွပြန်ချင် နေသည်။

ဒေါ်ကြီးအေးမြင့်သာ ရန်ကုန်လိုက်နေနိုင်ပါက တံချူကို ရန်ကုန်ခေါ်ပြီးတာ ကြာနေပါပြီ။ ယခုတော့ သူ့အလုပ်က ရန်ကုန်၌ ပိုအဆင်ပြေပြီး ကျယ်ပြန့်သည်။ ဒေါ်ကြီးအေးမြင့်ကလည်း မွေးရပ်မြေကို မစွန့်ခွာနိုင်ပါ။

တံချူကို သူက လက်ထပ်ဖို့ဆိုတာလည်း မဖြစ်နိုင်သေးပါ။ သူ့တစ်ဗမ်းတောင် အနိုင်နိုင် ရုန်းကန်နေရသောအခါ တံချူသည် သူနှင့် နေပြီး ဒုက္ခဖြစ်နေမည်ကို စိုးရိမ်သည်။ ပြီးတော့ သူနောက်ဆံမတင်းဘဲ ကြိုးစားချင်သေးသည်။ သူ့ဘဝကို ရုန်းကန်ပြီးမှ သူ့ဘဝထံ ဝါးတံချူကို ဆွဲသွင်းချင်သည်။ သူ၏ ရည်ရွယ်ချက်သည် ဝါးတံချူ၏ ဘဝကို ပြည့်စုံအောင် ထားနိုင်ရေး ဖြစ်သည်။ ပြီးနောက် သူဝါသနာပါသော အလုပ်နှင့် အသက်မွေးဝမ်းကျောင်းပြုချင်သည်။ သူ့အတွက် ခမ်းနားကြီးကျယ်သော တိုက်အိမ်မလိုပါ။ ခြံကျယ်မလိုပါ။ကားမလိုပါချေ။

ပျဉ်အိမ်သပ်သပ်ရပ်ရပ်လေးနှင့် ခြံကျဉ်းလေးတစ်ဝင်း။ မပူမပင် ထမင်းဖွေဖွေးကို စားနိုင်ရေးသာ လိုအပ်သည်။

သေးနုပ်သော သူ့ရည်ရွယ်ချက်သည် သုံးနှစ်တာကြာခဲ့ပြီ ဖြစ်သော်လည်း အကောင်အထည် မပေါ်ခဲ့သေးချေ။

"အစ်ကို့ နာမည်နဲ့ မှန်ပုံတင်နံပါတ်လေး"

ကောင်းလေးတစ်ယောက်က ဘောပင်နှင့် စာရင်းလာကောက်သည်တွင် သူက အိတ်ကပ်ထဲမှ မှတ်ပုံတင်ထုတ်ပြလိုက်သည်။

တခြားလူနှင့်မလိုအပ်ဘဲ စကားမပြောချင်တာက သူ့ဗီဇဖြစ်သည်။

ကားပေါ်တက်လာစဉ်က သတိမထားမိသော်လည်း အထိုင်ကြာလာသည်နှင့်အမျှ စပရေး အနံ့က ဆိုးဝါးလာသည်။

ရှေ့သို့ မျှော်ကြည့်လိုက်၏ ။

သူ စိတ်ဆိုးသွားသည်။ စပရေးဖျန်းသူသည် ကားထဲ ခရီးသည်တွေရောက်နေချိန် ဖျန်းသည်က ယဉ်ကျေးမှု နည်းလွန်း၍ ဖြစ်သည်။

ထိုစဉ် ကားပေါ်သို့ အမျိုးသမီးတစ်ဦး တက်လာသည်ကို သူ သတိပြုမိလိုက်သည်။ အမှတ်တမဲ့ဆိုသော်ငြား သူ့ရင်ထဲ အမှတ်တရ ရှိနေသည့် ထိုနှုတ်ခမ်းကြောင့် တုန်လှုပ်သွားသည်။

ထိုအမျိုးသမီးသည် လက်ကိုင်အိတ်ကြီးကိုသာ ဟန်ပါပါကိုင်ထားပြီး သူ့နေရာအနီးသို့ တန်းတန်းမတ်မတ် လျှောက်လာသည်။ သူ့ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။

မျက်ဝန်းတွေက ကျီးကန်းတောင်းမှောက်ဖြစ်ကုန်သည်။ ရုတ်တရက် အင်အားမရှိတော့ သလို ခံစားရသည်။ ဇော်ချွေးများ ပြန်ချင်လာသည်။

ဘုရား…ဘုရား…သူ ငါ့ကို သိလို့များ ဆိုသည့်အသိက

ကြက်သီးထစေတာတော့ အမှန်ပါ။ ပြီးတော့ ထိုအမျိုးသမီးနှင့် ပထမအကြိမ်တွေ့ဆုံမှုက သာမန်ဆုံတွေ့ခြင်း မဟုတ်။ သူ့စိတ်ထဲ လူသတ်သမားများလားဟု သို့လော...သို့လော တွေးနှင့်ပြီးသူ။

သူ မော့ကြည့်လိုက်ချင်သည်။ သို့သော် မကြည့်ရဲချေ။

မျက်စိကိုမှိတ်ပြီး ကျောမှီကို မဝံ့မရဲမှီချလိုက်သည်။

ဘာအပြစ်မှ လုပ်မထားခဲ့သော်လည်း အပြစ်ကြီးတစ်ခု ကျူးလွန်ထားသူနှယ် မယုံမကြည် ဖြစ်နေသည်။

ထိုအမျိုးသမီးနှင့် ပတ်သက်ပြီး ကျူးလွန်ခဲ့မိတယ်ဆိုလျှင်တောင် ထိုပြစ်မှုက အနုပညာ သမားတိုင်း ကျူးလွန်ဖူးသည့် အမှုဖြစ်သည်။ လူသိဖို့ ခဲယဉ်းလှ၏ ။ ကာယကံရှင်မသိသေးခင်မှာ ဘယ်တော့မှ မသိနိုင်သည့် အနုပညာစွမ်းဖြင့် ခိုးယူလိုက်ခြင်း ဖြစ်သည်။

ထိုအမျိုးသမီးကြောင့် သက်ဝင်သော ပန်းချီကားတစ်ချပ် ရခဲ့သည်။ ပြီးနောက် မပြီးနိုင်သေးသော ပန်းချီကား၊ ထိုနှုတ်ခမ်းများ၊ သူ့အတွေးကို နှောင့်ယှက်နေသည်မှာ အတန်ကြာခဲ့လှပါပြီ။ ပိရိပါးလွှာပြီး ထက်မြက်ပုံရသည့် နှုတ်ခမ်းတစ်လွှာဖြစ်သည်။

အေးစက်သော စကားကို ဆိုတတ်မည်၊ ပြတ်သားစွာ လုပ်ဆောင်တတ်မည်ဟု အဓိပ္ပာယ် ဖော်နိုင်သည်။

“မင်္ဂလာပါဗျာ။ ကျွန်တော်တို့ရဲ့ လကမ္ဘာယာဉ်လိုင်းမှ ကြိုဆိုပါတယ်”

သူ အတွေးတွေ ဘယ်လောက်ထိလွန်သွားမှန်း မသိချေ။ မိုက်ကရိုဖုန်းအားကိုးပြီး အော်လိုက်သော ဝန်ထမ်းအသံကြားတော့မှ ပစ္စုပ္ပန်ကို ရောက်ရှိလာသည်။

မျောင်နေ၍ ဘေးဘီဂဲယာကို မမြင်ရသော်လည်း ဝန်ထမ်း၏

အသိပေးမှုကြောင့် ရန်ကုန်မြို့မှ စထွက်နေပြီကို သိလိုက်ရသည်။ အပြာရောင် မြန်မာဝတ်စုံလေးနှင့်ယာဉ်ဝန်ထမ်း မလေးသည် ဘာတွေ အော်၍ အော်နေမှန်း သူမသိပါ။ သူ့မျက်ဝန်းများသည် အနက်ရောင်ဝတ် အမျိုးသမီးကို သာ မခို့တရို့ရှာဖွေနေမိသည်။

“ဟင်”

ဝေးဝေးလံလံ ရှာဖွေနေသော်လည်း အနီးနားတွင် ဘွားခနဲ တွေ့လိုက်ရသောအခါ ထိတ်ခနဲ ဖြစ်သွားသည်။

ကားအတွင်းရရှိသော အလင်းရောင်အားကိုးဖြင့် အနီးကပ်မြင်ရသောအခါ ထိုအမျိုးသမီး၏ အလှကို သူ မဖွဲ့ညွှန်းဘဲ မနေချင်တော့ချေ။

လှတယ်ဆိုတာထက် စမတ်ကျတယ်ဟုဆိုလျှင် ပို၍ မှန်ကန်နေလိမ့်မည်။ မျက်နှာကို ဆံပင်တစ်ခြမ်းအုပ်ထားသော်လည်း ဖရိုဖရဲမနိုင်ဘဲ စမတ်ကျလှသည်။

တက်လာခဲ့စဉ်က မျက်မှန်အနက်ကြီးတပ်ထားသော်လည်း ယခုသူ မြင်နေရသည်က ပါဝါမျက်မှန်လေးဖြစ်နေသည်။

ထိုအမျိုးသမီးသည် စာအုပ်တစ်အုပ်ကိုသာ သဲမဲဖတ်နေသည်။ နဂိုက စပ်စုတတ်သူ မဟုတ်သော်ငြား ထိုအမျိုးသမီးဖတ်နေသော စာအုပ်ကိုမူ ဂရုပြု၍ အားစိုက်ကြည့်မိသည်။

“အားပါး…ပါး..မခေပဲ” အင်္ဂလိပ်ဂတ္တုကြီးဖြစ်နေသည်။ ထိုအမျိုးသမီးကို သူ ကြည့်လိုက်ပြန်သည်။

အထူးတည်ငြိမ်နေ၏ ။ နဖူးကြောလေးတင်းနေပုံအရ စာအုပ်တွင် စျာန်ဝင်နေပြီဆိုတာ မေးစရာမလိုလောက်အောင် သေချာနေသည်။ ထိုအခါ

သူ့ရင်ထဲ ကြောက်စိတ်တို့ လျော့ပါးစပြု လာသည်။

ဖြစ်နိုင်ရဲ့လား...ဟူသော အတွေးကြောင့် ထိုအမျိုးသမီးအပေါ် အားနာလာသည်။

ဒီလိုလှပပြီး သတ္တုနှင့်မွေ့လျော်သူက ရက်စက်တဲ့လူသတ်မှုကြီးကိုကျူးလွန်ပါ့မလား။ သူ့ကိုယ်သူ ရယ်ချင်လာသည်။ ပေါက်ပေါက်ရှာရှာ တစ်ဖက်သတ်တွေးပြီး ကြောက်နေခဲ့တဲ့သူက ဘာလဲဟုပင် သူ့ကိုယ်သူ လှောင်ပြောင်မိသည်။ကိုယ့်ကိုယ်ကို လှောင်ပြောင်မိသော အခါတွင် ရဲဝံ့ခြင်းက အလိုလိုဝင်ရောက်လာ၏ ။ ထို့ကြောင့် ရက်နှစ်ဆယ်ကျော် ကိုယ်ထဲ စုန်ချည် ဆန်ချည် ပြေးနေသော သံသယတို့က ယူပစ်သလို လွင့်စင်သွားကုန်သည်။

ထိုအခါ ဖွင့်နေသော လေးဖြူသီချင်းကိုလည်း ခံစားလိုက်ရသည်။ ကောင်းကောင်း အိပ်မပျော်ခဲ့သည့်ညများခဲ့ပြီမို့ မျက်ခွံနှစ်ဖက်သည် လေးလံလာသည်။

ကြည်လင်ပီသသော လေးဖြူအသံပင် နားထဲ ထစ်အထစ်အကြားနေရသည်။ ညာဘက်သို့ စောင်းကြည့်လိုက်သောအခါ ကျောင်းဆရာပုံနှင့်လူက သန်းခေါင်ပိုက်နေပါပြီ။

ထို့ကြောင့် ဘေးချင်းကပ်ချက် တစ်ခုံကျော်မှ ထိုအမျိုးသမီးကိုသာ သမံကာလျှံကာ ကြည့်ပြီး ကျောမှီတွင် စိတ်ချလက်ချ လှဲချလိုက်၏ ။

ယာဉ်ရပ်နားစခန်းသို့ ရောက်သောအခါ အချို့က ညစာစားကြသော်လည်း သူကတော့ အညောင်းအညာပြေလမ်းလျှောက်ပြီး ကောင်းကင်ကိုသာ အားမနာတမ်း မော့ကြည့်မိသည်။

မိုးရိမ်ကင်း၍ ထင်ပါရဲ့ လသည် ဝိုင်းစက်နေသည်။ သို့သော် လမင်းကို လင်းပြောင်သော ရောင်စဉ်အဝိုင်းကြီးက ဆင့်ကဲဝိုင်းထား၏ ။

သူ ပြုံးမိသည်။ ရုတ်တရက်ဆိုသလို ဒေါ်ကြီးအေးမြင့်ကို သတိရသွားသည်။

ငယ်စဉ်က ကွပ်ပျစ်ပေါ်တွင် တံချူတို့ အတူလှဲခဲ့ဖူးသည်။

ထိုအချိန်က ကောင်းကင်ကြီးကို မော့ကြည့်ပြီး ဆန်ဖွတ်သည့် အဘိုးအိုနှင့် ယုန်ငယ်လေး အကြောင်း ပြောခဲ့ဖူးသည်။

"ဒေါ်ကြီး...လနှစ်လုံးကြီးဖြစ်နေတယ်"

ဟု သူက အော်ပြောလျှင် ဒေါ်ကြီးက...

"အဲဒါ လ ထီးဆောင်းတယ်လို့ ခေါ်တယ်။ သားရဲ့ မိုးရိပ်မကင်းသေးဘူးဆိုတဲ့ အဓိပ္ပာယ်ပဲ"

ဒေါ်ကြီးအေးမြင့်က သူနှင့် တံချူအပေါ် စိတ်အရှည်ဆုံးလူ ဖြစ်သည်။ ငယ်စဉ်တည်းက လငပုပ်ဖမ်းတဲ့ပုံပြင်ကို ဒေါ်ကြီးအေးမြင့်ထံမှ မကြာခဏနားထောင်ခဲ့ရသည်။ ထိုအချိန်က ငပုပ်ဆိုသည့် သတ္တဝါကြီးကို ကြောက်ခဲ့ရသည်။

သူ မှတ်မိပါသေးသည်။ သူနှင့် တံချူက မိုးရေထဲ ဆော့လွန်း၍ ဒေဝေါကိုက်မယ်ဟု ဒေါ်ကြီးက ခြောက်ခဲ့ဖူးသည်။ ဒေဝေါဆိုသည့် သတ္တဝါသည် ဖြူသလား၊ မည်းသလား မသိသော်လည်း ကြောက်စရာကောင်းသူဟု တွေးပြီး ကြံဖန်ကြောက်ခဲ့ရသေးသည်။

ထိုအကြောင်းကို သတိရပြီး ပြောတိုင်း ဒေါ်ကြီးအေးမြင့်က မျက်ရည်ကျသည်ထိ ရယ်ခဲ့သည်။

ထိုရယ်သံတွေ သူ မကြားရတာ ကြာခဲ့ပါပြီ။ သူ ကြိုးစားရမည်။ သူ အခြေတကျဖြစ်မှ သူချစ်သော ဝါးတံချူ၊ ဒေါ်ကြီးအေးမြင့်တို့နှင့် တစ်မိုးအောက်တည်းမှာ အတူနေခွင့်ရမည် ဖြစ်သည်။

“ခရီးသည်များအားလုံး နေရာယူလို့ရပါပြီ”

အသြောင်းပြေပြင်လွှန်သွား၍ ရပ်နေသော ခြေထောက်ပင် ညောင်းလှပါပြီ။ ကောင်းကင်မှ လမင်းသာ မကယ်လျှင် သူသည် အထီးကျန်စွာ ပျင်းနေရပေလိမ့်မည်။

ယာဉ်နောက်လိုက်က အော်သည်နှင့်တစ်ပြိုင်နက် ကားပေါ်သို့ သူ ပထမဆုံးတက်သည်။

အပြင်မှာ ပူသော်လည်း ကားထဲတွင် အဲကွန်းအရှိန်ကြောင့် အေးစက်နေသည်။ ကျော်မှီခေါင်းအုံးကို ကျကျနနချကာ ခုံလိုလှဲချလိုက်သည်။ ပြီးနောက် မွေးပွစောင်ကိုအပေါ်မှ အုပ်ကာ တစ်ချိုးတည်း အိပ်ပစ်လိုက်သည်တွင် မိုင်တိုင် ဘယ်လောက်ကျော်လာမှန်းပင် မသိပါတော့ချေ။

မနက် ငါးနာရီကျော်ချိန် မိုက်ကရိုဖုန်းမှ နှုတ်ခွန်းဆက်သံကြားရမှ နိုးလာတော့သည်။

“ဟွန်း…မန္တလေးတောင်ရောက်လာပြီပဲ”

အကြည့်သည် မျက်နှာချင်းဆိုင် နှစ်တန်းကျော်သို့ ရောက်သွားပြန်သည်။

ပထမတော့ သမံကာလျှံကာဆိုသော်လည်း နောက်တစ်ကြိမ် ပြန်ကြည့်မိလိုက်သည်။

သူ အမြင်မမှားနိုင်တော့ပါ။

ဘယ်ရောက်သွားတာလဲ။ ဘယ်မှာ်ဆင်းနေခဲ့တာလဲ။

သူ့အတွေးတွေက ယောင်ချာချာဖြစ်ကုန်သည်။ ထို့ကြောင့် လှမ်းဆွဲရမည့်အိတ်ကိုပင် မဆွဲဘဲ နေရာ၌ ပင် ငုတ်တုတ်ထိုင်နေမိသည်။

ရင်ထဲ မရှင်း မရှင်း ခံစားရသည်။

ကိုယ်နှင့် ဘာမှမဆိုင်သော လူတစ်ယောက်အကြောင်း လေးလေးနက်နက် တွေးမိနေသည်။

ဘယ်သွားသလဲ၊ ဘာလုပ်သလဲ၊ ဘယ်လိုလူမျိုးလဲ အစရှိသဖြင့် မေးခွန်းတွေက သို့လော...သို့လော...။

*

## အခန်း(၂)

“ခဏလေးနေဦးနော် တံချူ။ ကိုယ် ရေဘူးသွားဝယ်လိုက်ဦးမယ်”

ဟုဆိုကာ တံချူကို ရေစပ်တွင်ထားခဲ့ပြီး ထွက်လာခဲ့သည်။

တံချူသည် သူ့အတွက် အမှန်တကယ်ချစ်စရာကောင်းသော ချစ်သူလေးဖြစ်သည်။ သူ့ရင်ကို ပျော်စေသူ၊ ဂမ်းနည်းအောင်လည်း လုပ်တတ်သည်။ စိတ်မကောင်းအောင်လည်း ပြောတတ်သူ၊ ကြည်နူးအောင်လည်း စွမ်းဆောင်နိုင်သူလေး ဖြစ်သည်။

တံချူကို ကန်စပ်တွင်ထားခဲ့ပြီး ထွက်လာခဲ့ရသဖြင့် စိတ်မချနိုင်ဖြစ်နေရသည်။ အမြင်အာရုံမရရှာသည့် ချစ်နေသူလေးအပေါ် ကရုဏာသက်ရသည်။

“ရေတစ်ဘူးပေးပါ”

မတတ်နိုင်ပါ။ စားသောက်ဆိုင်ကြီးထဲ ဝင်ပြီး ဝယ်လိုက်သည်။ စားပွဲထိုးများက သူ့အား အံ့အားသင့်စွာ ကြည့်နေကြသည်။ ဒီလိုဆိုင်ကြီးထဲတွင် ဒီလိုမည်သူမှ ဝယ်ယူပုံမရချေ။ သို့သော် သူ့ကို ရေသန့်တစ်ဘူးရောင်းပေးခဲ့သည်။ ခမ်းနားမှုနှင့်အညီ ငွေကြေးလည်း ခမ်းနားသည်။ ရေ 1 Liter တစ်ဘူးကို ငွေငါးရာတန်အောင် ပေးခဲ့ရ၏ ။

“ကလင်...ကလင်”

သူ့နောက်မှ စက်ဘီးတစ်စီး၏ ကလိုင်သံဖြစ်သည်။ အသံက နီးကပ်နေပြီမို့ သူက လန့်ရှောင်လိုက်သည်။

“ဟော့…ခဏ ဂျာနယ်တစ်စောင်ပေးပါ”

ထိုစက်ဘီးပေါ်တွင် သတင်းစာနှင့် ဂျာနယ်များ တင်ဆောင်လာ၍ သူက ဖြတ်ဝယ်လိုက်ခြင်း ဖြစ်သည်။

“ဘာယူမလဲအစ်ကို”

“ကြေးမုံတစ်စောင်နဲ့ ဒေးလီးအလဲဗင်းတစ်စောင်ပေး”

ငွေတစ်ထောင် ထုတ်ပေးလိုက်သောအခါ တစ်ရာပြန်အမ်းပြီး မူလအတိုင်း စက်ဘီးကို တရတွန်းနင်းသွားပြန်သည်။ သူကလည်း မူလနေရာသို့ ခြေလှမ်းခပ်သုတ်သုတ်ဖြင့် ရောက်လာသည်။

“ပျင်းနေပြီလား”

“မပျင်းပါဘူး။ ရေနံ့ပါတဲ့လေကို မရှူရတာ ကြာပြီ။ ဒီနေ့ မိုးရွာမယ်ထင်တယ်။ လေထုက စိုထိုင်းထိုင်းဖြစ်နေတယ်”

“ကိုယ်တော့ ပူသလိုခံစားရတယ်။ အိုက်စပ်စပ်နဲ့”

သူက ဝါးတံချူဘေးတွင် ထိုင်ရင်းပြောလိုက်သည်။ ဝါးတံချူသည် မမြင်ရသူလေးဟု ဘုရားစူး ကျိန်ပြောရပေလိမ့်မည်။ အမြင်အာရုံမရှိသည်မှလွဲ၍ မျက်ဝန်းလေးများသည် ပကတိတည်ငြိမ်နေသည်။

“ကို ဘာတွေဝယ်လာတာလဲ။ သတင်းစာလား”

မမြင်သူမို့ ညာလို့ရမည့်သူမျိုး မဟုတ်ပါ။ ဝါးတံချူ၏ လက်ထဲထည့်ပေးသည်။

“တံချူကို တိုက်ဖို့သွားဝယ်တာလား။ တံချူက ကိုသောက်ဖို့မှတ်နေတာ”

အာခေါင်ခြောက်နေလျှင် မကြာခဏ တံတွေးမျိုချတတ်သည့် တံချူ၏ အကျင့်ကို သိပြီးဖြစ်သည်။

သူ သောက်ဖို့ဆိုလျှင် တံချူကို ခုလိုတစ်ယောက်တည်းပစ်ထားပြီး သူ ထွက်သွားမည် မဟုတ်မှန်း တံချူ ရိပ်မိလိမ့်မည်ဟု ထင်သည်။ ဘာဖြစ်လို့လဲဆိုတော့ ရေသောက်နေသော တံချူနှုတ်ခမ်းလေးများသည် ပြုံးနေ၍ ဖြစ်သည်။

"ခု...ဘယ်အချိန်ရှိပြီလို့ထင်သလဲ"

"နေဝင်ဆည်းဆာဖြစ်လိမ့်မယ်။ လေက သိပ်မပူတော့ဘဲ နွေးနွေးလေးတိုက်နေတယ်။ ဆိုင်ကယ်သံတွေလည်း ကြားနေရတယ်။ မြန်မြန်မမောင်းဘဲ ဖြည်းဖြည်းချင်း မောင်းနေတယ်။ သူတို့လည်း တံချူတို့လိုပဲ လေညင်းလာခံတာထင်တယ်"

"ပြီးတော့ရော"

"ကိုပဲ ဆက်ပြောပြလေ။ တံချူ နားထောင်ချင်တယ်"

"အင်း... ကိုယ်တို့ရဲ့မြင်းကွင်းထဲမှာ ကရဝိတ်ဖောင်ကြီးရှိတယ်။ ကိုယ်တို့ရဲ့ဘေး ကိုက်ငါးဆယ်လောက်အကွာမှာ စုံတွဲတစ်တွဲ ရန်ဖြစ်နေကြတယ်"

"ဘယ်လိုဖြစ်တာလဲ"

"ကောင်လေးကို တခြားမိန်းကလေးနဲ့ ကောင်မလေးက စွပ်စွဲပုံရတယ်။ ကောင်လေးက ဖြေရှင်းနေပုံပဲ။ ကောင်မလေးက စိတ်ကောက်ပြီး တစ်ဖက်မျက်နှာလွှဲထားတယ်"

"အဲဒါဆိုရင်တော့ သူတို့ ပြန်အဆင်ပြေသွားမှာပါ"

"အင်း...ကိုက်တစ်ရာကျော်လောက်ရှိမယ်။ အဲဒီ မှာ မိသားစု တစ်စု ရှိတယ်။ သားက ငါးနှစ်အရွယ်လောက်ရှိမယ်။ ရေစပ်မှာ ဆော့ နေတယ်။ သူ့အဖေနဲ့ အမေက ရှေးဟောင်းနှောင်းဖြစ်တွေ ပြောနေကြတယ်ထင်တယ်။ ရယ်နေကြတယ်"

"ဟင်း...ဟင်း...ကြည်နူးစရာလေး"

“လမ်းမပေါ်မှာ ချစ်သူစုံတွဲတွေ လက်ချင်းချိတ်ပြီး လမ်းလျှောက်နေကြတယ်။ အချို့ကျတော့ စက်ဘီးနဲ့”

“ပြီးတော့ရော”

“အဖြူ၊ အစိမ်း ဝတ်ကောင်မလေးကို ကျောင်းသားလေးတွေလိုက်စနေကြတယ်”

ဝါးတံချူပြုံးပြန်သည်။ ထိုမြင်ကွင်းကို ဝါးတံချူ စိတ်ထဲ ပုံဖော်နေမိသည်ထင်ရဲ့။

“မင်းက ဆည်းဆာအလှနဲ့ ပြိုင်နေတယ် တံချူရယ်။ မင်းရဲ့နဖူးက ဆံစနုလေးတွေက လေအလာမှာ မသိမသာမျောလွင့်နေတယ်”

ပြုံးနေတဲ့ တံချူ၏ နှုတ်ခမ်းလေးသည် စူးသွားပြန်သည်။ ဝါးတံချူက ယခုတော့ မိမိကိုယ်မိမိ ပုံဖော်နေလို့မည်။

“မင်းရဲ့ဘေးမှာ အပင်ရှိတယ်။ မင်းရဲ့ပုံလေးက တကယ်သက်ဝင်တယ်”

သူစကားကို ကျေနပ်သွား၍ ထင် ဝါးတံချူ၏ အပြုံးလေးများသည် ကြည်စင်လာပြန်သည်။

သူ ဝါးတံချူ၏ လက်ကို ဖြည်းညင်းစွာဆုပ်ကိုင်လိုက်၏ ။

ဆိုးဆေးမကူထားသော ဝါးတံချူ၏ လက်သည်းလေးများသည် သန့်စင်၍ နေသည်။

“မိုးသားတွေနီနေတယ်။ ရေတွေက ငြိမ်မနေဘဲ လှိုင်းကြပ်ခွပ်တွေ ထနေတယ်”

“လှလိုက်တာနော်။ တံချူလည်း ခံစားချင်လိုက်တာ”

သူ့ရင်ထဲ ထိရှိသွားရသည်။ သူပြောသမျှကို ပုံဖော်ခံစားနေသော

တံချူကြောင့် ရင်ထဲနွမ်းလျသွားသည်။

သူသာဖြစ်လိုက်ချင်သည်။ သူ့မျက်လုံးတွေသာ ချစ်သူကို ပေးလိုက်ချင်တော့သည်။

"ကြိုက်လား။ အဲဒါဆိုရင် ကိုယ်တို့ညနေတိုင်းလာကြမယ်လေ"

"ကို...ရန်ကုန်မှာ ဘယ်လိုနေသလဲ"

"ဟမ်း...ဘာကိုပြောတာလဲ"

"ပြတင်းပေါက်မှာထိုင်ရင်း တံချူ စဉ်းစားတယ်။ ကို ဘာတွေ လုပ်နေမလဲလို့။ လေတိုက်လာရင်ကို အလုပ်လုပ်နေမှာပဲ။ မနက်စာ စားချိန်ဆိုရင် ကို အိပ်ပျော်နေမယ်။ ညအိပ်ချိန်ရောက်ရင် ကိုတော့ ပန်းချီဆွဲနေဦးမယ် ထင်တယ်။ အဲလို အမြဲစဉ်းစားတယ်။ ကို အခု ဘာလုပ်နေသလဲဟင်"

ဝေ့ဝဲနေသော မျက်ရည်ကြည်များကို ပုတ်ခတ်ဖယ်ရှားလိုက်ရသည်။ သိမ်ဝင်ချင်နေသော အသံ ကို အကဲခတ်မိ၍ လည်း ချောင်းတစ်ချက် ရှင်းလိုက်ရသည်။

"ကြည့်နေတယ်။ ဆည်းဆာနဲ့ တံချူ ဘယ်သူပိုလှသလဲလို့"

"ဘယ်သူပိုလှသလဲဟင်"

"မျှမျှတတရှိပါတယ်။ ဆည်းဆာပေါ်မှာ တံချူက ထင်ရှားနေတယ်။ ဒီပုံလေးကို ကိုယ် ပန်းချီရေးဦးမယ်"

"အင်း"

"ခွင့်ပြုတယ်ပေါ့"

"အင်း...အဲဒီ အချိန်ဆို တစ်ချိန်လုံး ကိုယ့်အာရုံထဲမှာ တံချူက ရောက်နေမယ်နော်...ဟင်း ...ဟင်း... တံချူလောဘကြီးတတ်လာပြီနော်"

ချစ်စဖွယ်လေးပြုံးလာ၍ သူ့ရင်ထဲ ကလိ ကလိ ဖြစ်သွားပြီး ပါးမို့မို့လေးကို မနာအောင် လိမ်ဆွဲလိုက်သည်။

“ဒေါ်ကြီးကိုလည်း ဒီနေရာကို ခေါ်လာရဦးမယ်”

ပြောပုံက သူပဲသွားတတ်တာလိုလိုနှင့် ပိုင်ပိုင်နိုင်နိုင် ရှိလှ၍ သူ့ရင်ထဲ ကြည်နူးသွား ပြန်သည်။

“လေလည်းသာတယ်၊ လှလည်းလှတယ်၊ ဒေါ်ကြီးလည်း အိမ်မှာချည်း တစ်နေ့ တစ်နေ့ နေရတာ ညည်းညူရှာမယ်”

“လာချင်မှာမဟုတ်ပါဘူး။ ဒေါ်ကြီးက လေစိမ်းတိုက်တာ မကြိုက်ဘူးလေ။ ပြီးတော့ သူ့အပ်ထည်တွေနဲ့တောင် သူ့ဘာသာသူ ရှုပ်နေတာ”

“ကို စာဖတ်ပြမယ်ဆို”

“ဩော်…အင်း”

ထိုအခါ ဝယ်လာသော ဂျာနယ်နှင့် သတင်းစာကို သတိရသွားပြီး ဆွဲဖြန့်လိုက်သည်။

တောင်လှန်မြောက်လှန် လှန်လိုက်ချိန်တွင် သူ့မျက်စိထဲ တန်းဝင်လာသည်က မိတ္ထီလာမြို့မှ လူသတ်မှုအကြောင်း ဖြစ်သည်။ တံချူကြားအောင် မဖတ်ဘဲ အသံတိတ် ဖတ်လိုက် မိသည်။ သူ မျက်လုံးပြူးသွားသည်။

လူသတ်တရားခံသည် လက်ချောင်းများကို ဖြတ်ထားသည်ဟု ရေးထားသည်။ သေဆုံးသူမှာ ကိုလူအေးဖြစ်ပြီး အသက်လေးဆယ့်သုံးနှစ်ဖြစ်သည်။ အိမ်တွင်းပစ္စည်းတွေ တစ်ခုမှ ယူမသွားဘူးဟု ရေးထားသည်။

သူ ဆက်ဖတ်သည်။ လူသတ်မှုကျူးလွန်ချိန်သည် နံနက် ငါးနာရီဖြစ်မည်ဟု ခန့်မှန်းရေးသားထားသည်။

"ဟင်"

သူ ပို၍ အံ့သြသွားသည်။ လူသတ်မှုကျူးလွန်သောနေ့သည် သူ အေဂးပြေးကားစီး လာသော နေ့ ဖြစ်နေ၏။ ဖတ်လက်စကို ရပ်တန့်လိုက်သည်။

သူ့လက်ချောင်းများ တုန်ယင်နေသည်။

သူ့မျက်လုံးထဲ မြင်ယောင်နေမိသည်က အေးစက်မာကျောသည့် မျက်နှာလှလှဖြစ်သည်။

ထိုမျက်ဝန်းတွေက ခက်ထန်မှုများနှင့် အေးစက်နေသည်။ သူကြက်သီးထမိ၏။

တိုက်ဆိုင်တာလား...

တိုက်ဆိုင်တယ်ဆိုလျှင်လည်း အလွန်အမင်း တိုက်ဆိုင်လွန်းနေသည်။

"ကို...ဘာဖြစ်လို့ငြိမ်နေတာလဲ"

"ဟမ်"

"ကို ... ဘာဖြစ်သွားတာလဲ"

ဘာ...အဲ...ဘာမှမဖြစ်ပါဘူး။ ရှုခင်းကိုကြည့်...ကြည့်နေတာပါ"

"တံချူ့စိတ်ထဲကလိုပဲ အရမ်းလှနေတယ်ထင်တယ်"

ဝါးတံချူအသံသည် သူ့နားထဲ ပျောက်လိုက် ပေါ်လိုက်ဖြစ်နေသည်။

သူ့အာရုံထဲ ကြီးစိုးလွှမ်းမိုးနေသူမှာ မိုးသည်းညမှ ထိုအမျိုးသမီး ဖြစ်သည်။

စာအုပ်ကို စိတ်ဝင်စားစွာ ဖတ်နေသော ထိုအမျိုးသမီးကို လူသတ်သမားအဖြစ် သူ့အာရုံထဲ ပန်းချီရေးမိသည်။ လုံးဝဆက်စပ်လို့ မရနိုင်ချေ။

သူ ခေါင်းကို လေးသွဲ့စွာ ခါရမ်းမိသည်။

ကိုယ့်ကိစ္စမဟုတ်၍ အခြားသောအကြောင်းအရာတွေကို မောင်းထုတ်မိသည်။ သို့သော် မအောင်မြင်ပါ။

သေချာပါသည်။ သူ့စိတ်ကို ထိုနှုတ်ခမ်းတစ်လွှာက ညှို့ယူဖမ်းစားနေသည်။ သူ့ကိုယ်သူပင် မသိလိုက်ပါဘဲ ကျရှုံးနေပြီဆိုတာ သူ လက်ခံပဲ့ါမလား။

*